# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့
စိန်ရတုခန်းမပထမထပ်၊ ရန်ကုန်တက္ကသိုလ်နယ်မြေ၊ ပြည်လမ်း၊ တက္ကသိုလ်စာတိုက်၊ ရန်ကုန်မြို့


## မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဆု ချီးမြှင့်နိုင်ရေးအတွက် သုတေသနအစီရင်ခံစာများ ဖိတ်ခေါ်စာ

၂၀၂၂ ခုနှစ်၊ မေလ (၃)ရက် ( အင်္ဂါနေ့ )

၁။ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့က ကြီးမှူးကျင်းပသည့် (၁၆)ကြိမ်မြောက် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံ ပညာရှင်အဖွဲ့ဆု(၂၀၂၁ ခုနှစ်၊ ပြက္ခဒိန်နှစ်) အတွက် အရွေးချယ်ခံရန် ၂၀၂၁ ခုနှစ်အတွင်း ပါရဂူဘွဲ့ရရှိထားသူများအား မိမိတို့ပြုစုခဲ့သော ပါရဂူကျမ်းနှင့် ယင်းကျမ်းအပေါ်တွင် အခြေခံ၍ ရေးသားထားသည့် သုတေသနအစီရင်ခံစာကို ပညာရှင်အဖွဲ့သို့ တင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပြုလွှာတင်သွင်းသူမှာ ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များမှ ၂၀၂၁ ခုနှစ်၊ ပြက္ခဒိန်နှစ် အတွင်း၌ ဘာသာရပ်တစ်ခုခုဖြင့် ပါရဂူဘွဲ့ရရှိခဲ့သည်ဟု ကြေညာခြင်းခံရသူ ဖြစ်ရပါမည်။

**သုတေသနအစီရင်ခံစာ တင်သွင်းရမည့် နောက်ဆုံးနေ့ရက်**

၃။ (၁၆) ကြိမ်မြောက် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဆု(၂၀၂၁) အတွက် သုတေသန အစီရင်ခံစာနှင့် အဆိုပြုလွှာကို အောက်ပါအထောက်အထားများနှင့်အတူ တင်သွင်းရပါမည်-

(က) အမည်၊ လက်ရှိတာဝန်၊ ဌာန၊ တက္ကသိုလ်တို့ပါရှိသော အဆိုပြုလွှာ (၃)စုံ (နမူနာပုံစံ ပူးတွဲဖော်ပြထားပါသည်။)

(ခ ) ပါရဂူကျမ်း (မူရင်း) တစ်အုပ်၊

(ဂ ) မိမိ၏ပါရဂူကျမ်းကို အခြေခံ၍ပြုစုထားသော သုတေသနလုပ်ငန်း အစီရင်ခံစာ (Research Report) သုံးအုပ်နှင့် CD (၁) ချပ်၊

(ဃ) ပါရဂူကျမ်းတင်သွင်းခဲ့သည့်တက္ကသိုလ်မှ ၂၀၂၁ ခုနှစ်အတွင်း ပါရဂူဘွဲ့ရရှိခဲ့ကြောင်း မော်ကွန်းထိန်း၏ ထောက်ခံချက် မူရင်း (ရက်စွဲအပြည့်အစုံ)

**မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံ ပညာရှင်အဖွဲ့သို့ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၁၅ )ရက် (တနင်္လာနေ့) ကို နောက်ဆုံးထား၍ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။**

**ဆုများချီးမြှင့်ခြင်း**

၄။ **မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံ ပညာရှင်အဖွဲ့ဆု (၂၀၂၁)** ကို အောက်ပါပညာရပ် အုပ်စုများအလိုက် ဆုများချီးမြှင့်ပါမည်–

(က) ဝိဇ္ဇာပညာရပ်ဆု (ခ) သိပ္ပံပညာရပ်ဆု (ဂ) လူမှုရေးပညာရပ်ဆု ဟူ၍ (၃)မျိုး ခွဲခြားကာ၊ သုတေသနလုပ်ငန်း အစီရင်ခံစာ၏ အရည်အသွေး ပြည့်မီမှုအပေါ်တွင်မူတည်၍ ဆုအရေအတွက်ကို တိုးမြှင့်ချီးမြှင့်လျက်ရှိပါသည်။

မှတ်ချက်။ ပညာရပ်အလိုက် "ဆု" တစ်ဆုစီအတွက် ရွေးချယ်ရေးအဖွဲ့က အကောင်းဆုံး ပါရဂူကျမ်းနှင့်သုတေသန လုပ်ငန်းအစီရင်ခံစာ မရှိကြောင်း ဆုံးဖြတ်ထားသော ပညာရပ်အတွက်ဆု ကို ချီးမြှင့်မည်မဟုတ်ပါ။

**သုတေသနလုပ်ငန်းအစီရင်ခံစာ (Research Report)ရေးသား ပြုစုခြင်း**

၅။ (က) မိမိ၏ပါရဂူကျမ်း (Dissertation) ကိုအခြေခံ၍ စာမျက်နှာ (၂၀)ထက် မပိုသော သုတေသနလုပ်ငန်း အစီရင်ခံစာ (Research Report) ကိုရေးသားရပါမည်။

(ခ) အဆိုပါအစီရင်ခံစာတွင် နိဒါန်းကိုအကျဉ်းမျှသာရေးသား၍၊ သုတေသနလုပ်ငန်း ရည်ရွယ်ချက်များနှင့် ဦးတည်ချက်များ (Aims/Objectives) များဖော်ပြရန် လိုအပ်ပါမည်။

(ဂ) မိမိကိုယ်တိုင် လုပ်ဆောင်ခဲ့သည့် သုတေသနလုပ်ငန်းပိုင်းကို အထူးအလေးထား ဖော်ပြရန်ဖြစ်ပြီး၊ မိမိ၏ပါရဂူကျမ်းပါအတိုင်း၊ တွေးဆချက်များ၊ လုပ်ဆောင်ချက်များ၊ တွေ့ရှိချက်များ၊ စိစစ်ချက်များ၊ ဆွေးနွေးသုံးသပ်ချက်များ၊ နိဂုံးစသည်တို့ကို ရှင်းလင်းပြည့်စုံစွာ ဖော်ပြရပါမည်။

(ဃ) မာတိကာ၊ ကျမ်းကိုးများ၊ အစီရင်ခံစာအကျဉ်း(Summary)တို့ ပါရှိရပါမည်။

(င) ကျမ်းကိုးများ၏အဆုံး အစီရင်ခံစာနောက်ပိုင်းတွင် မိမိဖတ်ကြားတင်သွင်းခဲ့သည့် Seminar များ၊ ကိုယ်ရေးအကျဉ်း(Curriculum Vitae) နှင့် သုတေသနလုပ်ဆောင်ခဲ့သည့် ကာလတို့ကို ဖော်ပြရပါမည်။ ယင်းတို့အတွက် စာမျက်နှာထည့်၍ မရေတွက်ပါ။

(စ) မိမိ၏ကျမ်းတွင် ရေးသားခဲ့သည့် ဘာသာစကား (အင်္ဂလိပ်/ မြန်မာ)အတိုင်း ရေးသားပြီး၊ စာအုပ်အရွယ်သည် PhD Dissertation အရွယ် ဖြစ်ရပါမည်။ Format (ပုံစံ)သည် Journal of the Myanmar Academy of Arts and Science အတိုင်းဖြစ်၍ စာအုပ်မျက်နှာဖုံးမှာ ပူးတွဲပုံစံအတိုင်း အဖုံးပြော့ဖြင့် စာအုပ်ချုပ်၍ တင်ပြရပါမည်။

**သုတေသန လုပ်ငန်းအစီရင်ခံစာကို အပိုဒ်(၅)တွင် သတ်မှတ်ထားသည့် (က)မှ (စ)အထိ အစီရင်ခံစာ ရေးနည်းပုံစံအတိုင်း ပြည့်စုံစွာပြုစု တင်ပြခြင်းမရှိပါက ဆုအတွက်ထည့်သွင်းစဉ်းစားမည် မဟုတ်ကြောင်း အသိပေးအပ်ပါသည်။**

**နှီးဆော်ချက်**

၆။ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံ ပညာရှင်အဖွဲ့သည် ပညာရှင်အဖွဲ့ဆုကို နှစ်စဉ်အရေအတွက် တိုးမြှင့်ချီးမြှင့်လျက်ရှိပါသည်။

၇။ ပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများ တိုးတက်မြင့်မားလာစေရန်နှင့် စနစ်တကျ စီမံဆောင်ရွက်နိုင်ခဲ့သူများအား အသိအမှတ်ပြု၍ ထိုက်တန်စွာချီးမြှင့်ဂုဏ်ပြုရန် ရည်ရွယ်ထားခြင်းဖြစ်ပါသည်။

၈။ သို့ဖြစ်၍ ၂၀၂၁ ခုနှစ်အတွင်း ပါရဂူဘွဲ့ရရှိခဲ့သူများအား မိမိတို့၏ စွမ်းဆောင်မှုကို ပြသခွင့်ရစေလိုသောကြောင့် အဆိုပြုလွှာများကို တင်သွင်းခြင်းဖြင့် ပါဝင်ယှဉ်ပြိုင်ကြရန် ဖိတ်ခေါ်အပ်ပါသည်။

၉။ ဤဖိတ်ခေါ်စာကို ဖြန့်ချိ၍ အသိပေးနှိုးဆော်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင် အမှုဆောင်အဖွဲ့**

၁။ ပါမောက္ခချုပ်/ကျောင်းအုပ်ကြီးများအားလုံး

၂။ ပါမောက္ခ/ဌာနမှူးများ အားလုံး

၃။ ကြော်ငြာသင်ပုန်းတွင်ကပ်ရန်

**မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဆု (၂၀၂၁) ချီးမြှင့်ပေးအပ်မှုနှင့်စပ်လျဉ်း၍ အသေးစိတ်သိလိုသည်များကို၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံ ပညာရှင်အဖွဲ့ရုံး ဖုန်း၊ ၀၉-၄၂၀၁၂၆၈၁၄/ ၀၉-၄၅၀၀၂၀၃၉၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ www.maas.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။**

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဆု (၂၀၂၁) အတွက်

# အဆိုပြုလွှာ

၁။ အမည် ------------------------------------------

၂။ လက်ရှိတာဝန် ------------------------------------------

၃။ ဌာန ------------------------------------------

၄။ တက္ကသိုလ် ------------------------------------------

၅။ ပါရဂူကျမ်းဘာသာရပ် ------------------------------------------

၆။ ပါရဂူကျမ်းခေါင်းစဉ် အပြည့်အစုံ ------------------------------------------

------------------------------------------

------------------------------------------

------------------------------------------

၇။ ပါရဂူကျမ်း အောင်မြင်ခဲ့သည့်ခုနှစ်နှင့် လ ------------------------------------------

၈။ ပါရဂူကျမ်း အောင်မြင်ခဲ့သည့်တက္ကသိုလ် ------------------------------------------

------------------------------------------

၉။ ထိုတက္ကသိုလ် မော်ကွန်းထိန်းထံမှ ထောက်ခံချက် (ပူးတွဲ တင်ပြရန်) ------------------------------------------

၁၀။ ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံ (ဖုန်းနံပါတ်များအပါအဝင်) ------------------------------------------

------------------------------------------

------------------------------------------

ပြိုင်ပွဲဝင် အဆိုပြုသူ၏လက်မှတ်
(အမည် အပြည့်အစုံ)

**မှတ်ချက်**

- ❖ အဆိုပြုလွှာ(၃)စုံ တင်သွင်းရန်၊
- ❖ ပါရဂူကျမ်း (၁)အုပ်၊ သုတေသနလုပ်ငန်းအစီရင်ခံစာ (၃)အုပ် နှင့် CD (၁) ချပ်တို့ကို ပူးတွဲ တင်သွင်းရန်၊
- ❖ ဆုရွေးချယ်ခြင်းမခံရသော ကျမ်းများကို ဆုများအပ်နှင်းပြီးနောက်တွင် ဤရုံး၌ ပြန်လည် ထုတ်ယူနိုင်ပါသည်။

# (PhD Dissertation Title)

---------------------------------------

---------------------------------------

Font 14

## Research Report

Font 14

**A Research Report Submitted to the Myanmar Academy of Arts and Science**

Font 12

**By**

Font 12

**Hla Hla**

**MSc, PhD**

**Assistant Lecturer**

**Department of Botany**

**University of Yangon**

Font 12
Example

**June, 2022**

Font 12